“အသံ”

# တစ်ကမ္ဘာလုံး လူ့အခွင့်အရေးစီမံခန့်ခွဲရေးထဲက တရုတ်အကျိုးဆောင်မှု

တရုတ်နိုင်ငံသည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အမှုဆောင်ကော်မတီဝင်အဖြစ် နောက်ထပ်ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ယင်းသည် နိုင်ငံတကာအသိုင်းအဝန်းမှ တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အရေးတော်ပုံတိုးတက်ရေး၏ အောင်မြင်မှုနှင့်အခန်းကဏ္ဍအပေါ် အသိအမှတ်ပြုသည်ကို ထင်ဟပ်ပြသနိုင်သည်။ အောက်တိုဘာလ ၂၈ ရက်တွင် ကျင်းပခဲ့သည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂညီလာခံမှ နောက်တစ်ကြိမ်ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အမှုဆောင်ကော်မတီဝင်ကိုရွေးချယ်စဉ် တရုတ်နိုင်ငံသည် မဲများစွာဖြင့် ဆက်လက်ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ လူ့အခွင့်အရေးဆိုင်ရာ အမှုဆောင်ကော်မတီဝင်အဖြစ် လေးကြိမ်ဆက်တိုက်တာဝန်ထမ်းဆောင်သည့် ရှားပါးသောနိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အမှုဆောင်ကော်မတီအကြောင်းနှင့် စကားစပ်မိ၍ လူအများစုတို့က စိမ်းဆံ့နိုင်မှာဖြစ်ကောင်းဖြစ်လိမ့်မည်။ သို့သော် ၎င်း၏အစမူလဖြစ်သော ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီအကြောင်းနှင့် စကားစပ်မိလျှင် အားလုံးကြားကောင်းကြားခဲ့သည်ထင်သည်။ ယင်းအဖွဲ့အစည်းသည် ၁၉၄၆ ခုနှစ်တွင် ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့အစည်းတည်ထောင်ခြင်း၏ရည်ရွယ်ချက်မှာ နိုင်ငံအသီးသီးတို့၏ လူ့အခွင့်အရေးဆိုင်ရာ အရေးတော်ပုံကို ကာကွယ်တိုးတက်စေရန်၊ အပြန်အလှန် သဘောပေါက်နားလည်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်သည်။ သို့သော် စစ်အေးကာလ၏ ထူးခြားသော အခြေအနေအောက်တွင် ယင်းကော်မတီသည် မူလရည်ရွယ်ချက်နှင့် ကျောခိုင်းပစ်ပယ်ခဲ့သည်။ အထူးသဖြင့် ပြီးခဲ့သည့်(၂၀)ရာစု(၉၀)ဆယ်စုနှစ်တွင် အနောက်နိုင်ငံများသည် တရုတ်ဆန့်ကျင်ရေးအဆိုပြုချက်များကို (၁၁) ကြိမ်တိုင် ရှေ့ဆင့်နောက်ဆင့် တင်ပြခဲ့သည်။

သို့သော်တစ်ကြိမ်ပါမကျန် ကမ္ဘာ့ပြည်သူများ၏လိုလားထောက်ခံမှု မရရှိနိုင်သဖြင့် ဆုံးရှုံးခဲ့ရသည်။ လူ့အခွင့်အရေးကော်မတီသည် အဖက်ဖက်၏ နိုင်ငံရေးတိုက်ခိုက်မှု ကိရိယာဖြစ်လာပြီး ယင်းကော်မတီကိုယ်တိုင်ကလည်း အကြိမ်ကြိမ် အတွင်းမီးထမှုနှင့်အတိုက်အခံပြုမှုဖြစ်နေသည့်အထဲ ဂုဏ်သိက္ခာနှင့်အရှိန်အဝါများ ကုန်ခန်းခဲ့ပြီဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေတွင်းရေးမှူးဟောင်းအာနန်သည် “လူ့အခွင့်အရေးကော်မတီအပေါ် ယုံကြည်စိတ်ဆက်လက်ကျဆင်းလာပြီး ကုလသမဂ္ဂတစ်ခုလုံး၏ ဂုဏ်သိက္ခာကိုလည်း များစွာထိခိုက်စေပါသည်”ဟု ပြောခဲ့သည်။

ဤသို့ကသိကရိဖြစ်ရသည့်အခြေအနေမျိုးနှင့်ရင်ဆိုင်လျက် အများတို့က ပြောင်းလဲပေးရန် ဆန္ဒပြင်းပြလာသည်။ ဤသို့နှင့် လူ့အခွင့်အရေးအမှုဆောင်ကော်မတီသည် ၂၀၀၆ ခုနှစ်တွင် ဖွားမြင်လာခဲ့သည်။ လူ့အခွင့်အရေးအမှုဆောင်ကော်မတီ၏ ထူထောင်ခြင်းသည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အရေးတော်ပုံကို အဆင့်မြှင့်တင်သွားသည့် အမှတ်လက္ခဏာဖြစ်သည်။ အဖက်ဖက်တို့သည် ယင်းအဖွဲ့အစည်းသစ်တွင် တိုက်ခိုက်မှုကို ဆွေးနွေးမှုဖြင့် အစားထိုးရန်၊ ဖိအားပေးမှုကို ပူးပေါင်းဆောင်ရွက်မှုဖြင့်အစားထိုးရန်၊ အပြန်အလှန်ဖလှယ်မှု၊ အတုယူမှုဖြင့် “နာမည်စာရင်းခေါ်၍ အရှက်ကွဲမှု”ကို ကျော်လွှားရန်မျှော်မှန်းထားသည်။ တရုတ်စသည့်နိုင်ငံ(၄၇)နိုင်ငံတို့က ပထမအကြိမ်လူ့အခွင့်အရေးအမှုဆောင်ကော်မတီဝင်အဖြစ် အရွေးခံခဲ့ရသည်။ ယင်းသည် တစ်ကမ္ဘာလုံး လူ့အခွင့်အရေးဆိုင်ရာစီမံခန့်ခွဲမှု၏“ရေဝေကြော” ဖြစ်သည်။

တရုတ်နိုင်ငံသည် “ပင်လယ်ကဲ့သို့မြစ်ချောင်းများစွာလက်ခံ၊ အကောင်းအဆိုးမခွဲဘဲ သိမ်းကျုံးလက်ခံ” ဟူသောသဘောထားဖြင့် မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီသော လူ့အခွင့်အရေးလမ်းကြောင်းကို အစဉ်ရှာကြံလာပြီဖြစ်သည်။ တရုတ်နိုင်ငံသည် လူဦးရေသန်းပေါင်း ၁၃၀၀ ၏ စားဝတ်နေရေးပြဿနာကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့သည်။ အဆင်းရဲခံလူဦးရေသန်းပေါင်း၇၀၀ ကျော်ကို လျော့နည်းခဲ့ပြီး လူဦးရေသန်းပေါင်း ၇၇၀အတွက် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ခဲ့သည်။

(၉)နှစ်မသင်မနေပညာရေးစနစ်သည် တရုတ်တစ်ပြည်လုံးတွင် လွှမ်းမိုးပြီး ရရှိထားသောလူ့အခွင့်အရေးဆိုင်ရာ အောင်မြင်မှုရလဒ်မှာ ထင်ပေါ်ကျော်ကြားလှသည်။ ယခုနှစ်သည် လူ့အခွင့်အရေးအမှုဆောင်ကော်မတီတည်ထောင်သည့်(၁၀)နှစ်ပြည့် အထိမ်းအမှတ်နှစ်ဖြစ်သည်။ လွန်ခဲ့သည့်(၁၀)နှစ်အတွင်း တရုတ်နိုင်ငံသည် အမှုဆောင်ကော်မတီဝင်တာဝန်ကို သုံးကြိမ်တိုင်ထမ်းဆောင်ခဲ့သည်။

တရုတ်နိုင်ငံသည် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခွင့်အရေးနှင့်တိုးတက်ရေးအခွင့်အရေးတို့ကို တန်းတူရည်တူ အလေးထားရန် တိုက်တွန်းခဲ့သည်။ လူမျိုးခွဲခြားရေးမူဝါဒဆန့်ကျင်ရန်၊ အာဖရိကမျိုးနွယ်၏အခွင့်အရေး၊ ရွှေ့ပြောင်းနေထိုင်သူများ၏ အခွင့်အရေး၊ ငြိမ်းချမ်းရေးအခွင့်အရေး ကာကွယ်ရေးစသည့်ဖွံ့ဖြိုးဆဲနိုင်ငံများက ဂရုပြုသော ပြဿနာများကို ဆွေးနွေးစေရန်တွန်းအားပေးဆောင်ရွက်ခဲ့သည်။ လွန်ခဲ့သည့်(၁၀)နှစ်အတွင်း တရုတ်နိုင်ငံသည် သောက်သုံးရေရရှိရေး၊ ယဉ်ကျေးမှုအခွင့်အရေး၊ မသန်စွမ်းသူအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျသော၊ တရားမျှတသော နိုင်ငံတကာစည်းကမ်းစနစ်စသည့် အထူးစနစ်များ တည်ထောင်ရန် လူ့အခွင့်အရေး အမှုဆောင်ကော်မတီကို ထောက်ခံအားပေးခဲ့သည်။ လွန်ခဲ့သည့် (၁၀)နှစ်အတွင်း တရုတ်နိုင်ငံသည် စားနပ်ရိက္ခာလုံခြုံရေး၊ နိုင်ငံတကာငွေကြေးအကျပ်အတည်းနှင့်ပတ်သက်သော အထူးအစည်းအဝေးကို တိုက်တွန်းကျင်းပခဲ့ပြီး နိုင်ငံတကာ လူ့အခွင့်အရေးပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေး၍ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါဆုံးသော နေထိုင်ခွင့်နှင့်ဖွံ့ဖြိုးတိုးတက်ခွင့်ကိုလည်း အာရုံပြုစေခဲ့သည်။

တရုတ်နိုင်ငံသည် မဲအများစုဖြင့် ယခုအကြိမ် လူ့အခွင့်အရေးအမှုဆောင်ကော်မတီဝင်အဖြစ် ဆက်လက်ထမ်းဆောင်နိုင်ခြင်းသည် နိုင်ငံတကာအသိုင်းအဝန်းမှ တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာအရေးတော်ပုံ တိုးတက်ရေး၏ အောင်မြင်မှုနှင့်အခန်းကဏ္ဍအပေါ် အသိအမှတ်ပြုပေးသည်ဟုဆိုနိုင်သည်။ တစ်စုံတစ်ခုသောရှုထောင့်မှနေ၍ ပြောရလျှင် ယင်းသည် ပြပေးသည့်အချက်တစ်မျိုးလည်းဖြစ်သည်။ လူ့အခွင့်အရေးပြဿနာနှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိုင်းအဝန်းမှ ပိုမိုများပြားသော တရုတ်နိုင်ငံ၏ပြုမူဆောင်ရွက်ချက်ရှိမည်ဟု မျှော်လင့်ထားသည်ကို သက်သေပြနိုင်သည်။

လောလောဆယ်“လူ့အခွင့်အရေးအကျပ်အတည်း”သည် လူသားများ၏ ပင်ကိုယ်အသိစိတ်ကို ထိခတ်နေဆဲဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ လူဦးရေသန်းပေါင်း ၈၀၀ နီးပါးသည် နေ့စဉ်ဆာငတ်မှုနှင့်ရင်ဆိုင်နေဆဲဖြစ်သည်။ ဆီးရီးယား၊ အာဖဂန်နစ္စတန်စသည့် စစ်ဖြစ်ဒေသမှ ပြည်သူလူထုများ၏ နေထိုင်ခွင့်မှာ အာမခံချက်မရှိဘဲ ဒုက္ခသည်အကျပ်အတည်း၊ အကြမ်းဖက်ဝါဒ၊ လူမျိုးတပါးကို ဝိုင်းပယ်ခြင်း၊ လူမျိုးခွဲခြားရေးဝါဒ၊ ရဲတပ်ဖွဲ့ဝင်အလွန်အကျွံတရားဥပဒေစိုးမိုးမှု စသည့်ပြဿနာများ အဆက်မပြတ် ဖြစ်ပွားလာနေသည်။ စိတ်ပူဖွယ်ရာကောင်းသည်မှာ ပြီးခဲ့သည့်နှစ်များအတွင်း လူ့အခွင့်အရေးအမှုဆောင်ကော်မတီသည် အတိုက်အခံအငွေ့အသက် အသင့်အတင့်ဖြစ်ပေါ်လာပြီး နိုင်ငံအလိုက်အဆိုတင်သွင်းခြင်းသည် ကြီးကြီးကျယ်ကျယ်ပေါ်ထွက်လာနေသည်။ တရားဝင်ပြစ်တင်ဝန်ဖို့ခြင်းသည် အမြဲတစေဖြစ်ပွားသောကိစ္စဖြစ်သည်။ ပညာရှင်အများစုတို့က လူ့အခွင့်အရေးအမှုဆောင်ကော်မတီသည် မူလတည်ထောင်သည့်ရည်ရွယ်ချက်နှင့်ဝေးကွာနေဆဲဖြစ်သည်ဟု ဝေဖန်ရှုတ်ချကြသည်။

တရုတ်နိုင်ငံ၏ဆက်တိုက်အရွေးခံခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေးစီမံခန့်ခွဲရေးအတွက် ရွေးချယ်ချက်တစ်ခုတိုးများလာစေနိုင်သည်။ အများတို့က လူ့အခွင့်အရေးနယ်ပယ်တွင် များသထက်များလာသော တရုတ်ဖြစ်အများသုံးထွက်ကုန်ထွက်ပေါ်လာနိုင်မည်ဟု မျှော်လင့်ထားသည်။ တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးမူဝါဒသည် သူများအားမည်သို့ ပင်လမ်းလျှောက်သည်ကို သွန်သင်ပေးခြင်းမဟုတ်ဘဲ ကမ္ဘာပေါ်တွင်နေရာတိုင်းနှင့် လိုက်လျောညီထွေနိုင်မည့် လူ့အခွင့်အရေးပုံစံလုံးဝမရှိပါဟု စွဲစွဲမြဲမြဲယုံကြည်မိခြင်းဖြစ်သည်။ အနာဂတ်ကိုမျှော်မှန်း၍ တရုတ်နိုင်ငံသည် လူ့အခွင့်အရေးဖလှယ်မှုကို အစဉ်တစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ရေးအနှစ်သာရများကို ကြွယ်ဝစေပြီး ပြည်သူများ၏ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေး၊ လူမှုရေးအခွင့်အရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများကိုလည်း မျှတစွာဖော်ဆောင်သွားမည်ဖြစ်သည်။ စာရေးသူ- ကျုံးစင်း

## လှပသောကူမင်းတျမ်းချီကန်တော်ကြီး

ရွှေဝါရောင်ဆောင်းကူးရာသီအတွင်း ယူနန်ပြည်နယ်ကူမင်းတျမ်းချီကန်တော်ကြီးမှာ လှလှပပရှိနေပြီး မြို့သူမြို့သားနှင့်ခရီးသည်အများအပြားလာရောက်ရှုစားရန် ဆွဲဆောင်နိုင်ခဲ့သည်။



